# ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ဂ။]
(၁၉၆၃ ခုနှစ်၊ ပဋ္ဌမအကြိမ် ထပ်မံပုံနှိပ်သည်။)

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေ ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးတွင် ချက်ခြင်း အာဏာတည်ရမည်။

၂။ ။(၁) ဤဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကား တို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်——

(က) ''အစိုးရ'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရကို ဆိုလိုသည်။

(ခ) ''လယ်ယာမြေ'' ဆိုသည်မှာ၊ စိုက်ပျိုးရေးအတွက် အသုံးပြုသည့်၊ တည်းမဟုတ် လက်ရှိထားသည့်မြေကို ဆိုလိုသည်။

ရှင်းလင်းချက် ၁။ ။ထိုစကားရပ်တွင် လူအများအခေါ်အဝေါ်အားဖြင့်၊ လယ်၊ ယာ၊ ကိုင်းမြေဟုသော်၎င်း၊ ကွဲက်ပေါင်စေး၊ ဓနိ၊ ဥယျာဉ်ခြံမြေဟုသော်၎င်း၊ ဟင်းသီး ဟင်းရွက်၊ ပန်းမာလ်စိုက်ပျိုးသည့် ခြံမြေဟုသော်၎င်း၊ ကျွန်း၊ မြေနုကျွန်းပေါ်ဟုသော်၎င်း၊ သတ်မှတ်သည့် မြေများပါဝင်သည်။

ရှင်းလင်းချက် ၂။ ။ထိုစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ် အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အဦနှင့် ပရဝုဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေကွက်များ မပါဝင်ချေ။

ရှင်းလင်းချက် ၃။ ။ထိုစကားရပ်တွင် လယ်ယာ မြေပေါ်တွင်တည်ရှိနေသည့် အဆောက်အအုံများပါ အကျုံးဝင်သည်။

(ဂ) ''သီးစားခ'' ဆိုသည်မှာ၊ လယ်ယာမြေ တရပ်ရပ်ပေါ်တွင် လုပ်ကိုင်စိုက်ပျိုး၍ အကျိုးခံစားခွင့် ရရှိသည့်အတွက် မြေရှင်တဦးဦးအား ပေးရသည့် အခကြေးငွေကို ဆိုလိုသည်။

(ဃ) ''မြေ၎ှန်'' ဆိုသည်မှာ၊ အစိုးရကမြေနှင့် အခွန်အကောက်ဥပဒေ၊သို့ တည်းမဟုတ် မြန်မာနိုင်ငံအထက်ပိုင်း မြေနှင့်အခွန် ရက်ဂူလေးရှင်း ဥပဒေအရ၊ အစိုးရက လယ်ယာမြေများအပေါ် စည်းကြပ်သည့်အခွန်ကို ဆိုလိုသည်။ ထိုစကားရပ်တွင်ဆည်မြောင်းအကောက် ဥပဒေအရ၊ အစိုးရက လယ်ယာမြေများကို ရေပေးသွင်းသည့်အတွက် စည်းကြပ်သည့် ရေခွန် ပါဝင်ချေ။

(င) ''သီးစား'' ဆိုသည်မှာ၊ လယ်ယာမြေကို စိုက်ပျိုးလုပ်ကိုင်သည့်အတွက် သီးစားခပေးရန် တာဝန်ရှိသူကို ဆိုလိုသည်။

ရှင်းလင်းချက်။ ။ထိုစကားရပ်တွင် အဖွဲ့အစည်းများ ပါဝင်သည်။

(စ) ''မြေရှင်'' ဆိုသည်မှာ၊ မြေနှင့်အခွန်အက်ဥပဒေ၊ သို့တည်းမဟုတ် မြန်မာနိုင်ငံ အထက်ပိုင်းမြေနှင့်အခွန်ရက်ဂူလေးရှင်းဥပဒေအရ လယ်ယာမြေ လက်ဝယ် ထားရှိနိုင်သည့်၊ သို့တည်းမဟုတ် ပိုင်ဆိုင်သည့် အခွင့်အရေးရသောပုဂ္ဂိုလ်ကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ ဆိုလိုသည်။ ထိုစကားရပ်တွင် မြေရှင်၏ ကိုယ်စားလှယ် ပါဝင်သည်။

(ဆ) ''သတ်မှတ်သည်'' ဆိုသည်မှာ၊ ဤဥပဒေအရ သည့်နည်းဥပဒေများဖြင့် သတ်မှတ်သည်ကို ဆိုလိုသည်။

(၂) ဤဥပဒေပါ စကားရပ်များ၏အဓိပ္ပါယ်ကောက်ယူမှုနှင့် စပ်လျဉ်း၍ ဤကိစ္စအလို့ငှါ အစိုးရက ခန့်ထားသည့်အာဏာပိုင်၏ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ် အတည်ဖြစ်စေရမည်။

၃။ ။အစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် မည်သည့် လယ်ယာမြေကိုမဆို၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့် နေ့ရက်မှစ၍ သီးစားချထားမည်ဟု ကြေညာနိုင်သည်။ ထိုသို့ကြေညာသည့်အခါ၊ ထိုလယ်ယာမြေနှင့် သက်ဆိုင်သည့် မြေရှင်၏သီးစားချထားနိုင်သည့် အခွင့်အရေးသည် ရပ်စဲရမည်။

၄။ ။(၁) လယ်ယာမြေများပေါ်တွင် အစိုးရချထားသော သီးစားများသည်၊ သို့တည်းမဟုတ် ခမြေရှင်များချထားသော သီးစားများနှင့်လျှင်၊ ထိုသီးစားများသည်၊ ခမြေရှင်အား၊ သီးစားခကို၊ အောက်ပါနှုန်းများအတိုင်းပေးရမည်။

| | |
|---|---|
| (က) စပါးစိုက်ပျိုးသည့်လယ်မြေအတွက်။ | သီးစားနှစ်တွင် ထမ်းဆောင်ရသော မြေခွန်နှင့်သတူ။ |
| (ခ) ငြုတ်၊ ကြက်သွန်၊ ဆေး သို့တည်းမဟုတ် ကြံစိုက်ပျိုးသည့် မြေအတွက်။ | သီးစားနှစ်တွင် ထမ်းဆောင်ရသော မြေခွန်၏ နှစ်ဆ၊ သို့တည်းမဟုတ် အလားအလာ ကောက်ပဲသီးနှံ နှုန်းဖြင့် မြေခွန် စည်းကြပ် ထားပါက၊ ထို အလားအလာ ကောက်ပဲ သီးနှံနှုန်း၏သုံးဆ။ |
| (ဂ) ငြုတ်၊ ကြက်သွန်၊ ဆေး၊ သို့တည်းမဟုတ် ကြံစိုက်ပျိုးသည့် မြေမှတပါး၊ အခြား ယာမြေ၊ သို့တည်းမဟုတ် ကိုင်းမြေအတွက်။ | သီးစားနှစ်တွင် ထမ်းဆောင်ရသော မြေခွန်၏နှစ်ဆ။ |

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်နှင့်အညီ၊ လယ်ယာမြေ တခုခုပေါ်တွင် ပေးသည့် သီးစားခမှာ၊ စိုက်ပျိုးရေး နှစ်တနှစ်လုံးအတွက် ပေးသည့် သီးစားခဖြစ်သည်ဟုမှတ်ယူရမည်။ ထိုလယ်ယာမြေတွင်၊ အဆိုပါစိုက်ပျိုးရေးနှစ်အတွင်း၊သီးထပ်သော်၎င်း၊ သီးညှပ်သော်၎င်း စိုက်ပျိုးသည့်အတွက်၊ နောက်ထပ်သီးစားခပေးရန်၊ သီးစား၌တာဝန်မရှိစေရ။

(၃) သီးစားခကို၊ ငွေဖြင့်သာပေးရမည်။

၅။ သီးစားတဦးဦးသည်၊ မိမိသီးစားလုပ်ကိုင်သည့် လယ်ယာမြေ တခုခုတွင်၊ သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းတခုခုကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်၎င်း၊ အခြားအကြောင်းတခုခုကြောင့်သော်၎င်း၊ လယ်ကန်သင်း၊ ရေမြောင်း၊ ရေတွင်း၊ ရေကန်စသည်မပျက်စီးသင့်ဘဲပျက်စီးသည့်အတွက်၊ မြေရှင်၏ အကျိုးကို ဆုတ်ယုတ်စေလျှင်၊ သတ်မှတ်သည့် လျော်ကြေးကို မြေရှင်အားပေးရမည်။

၆။ ။အစိုးရသည်၊မိမိသီးစားချထားသော လယ်ယာမြေများ စိုက်ပျိုးလုပ်ကိုင်မှုနှင့် စပ်လျဉ်း၍၊ သီးစားများ လိုက်နာရမည့် စည်းကမ်း ချက်များကို သတ်မှတ်နိုင်သည်။

၇။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများ ဆောင်ရွက်ရန်အလို့ငှါ၊ မည်သည့်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းကိုမဆို၊ သတ်မှတ်ထားသည့် အတိုင်း ခန့်အပ်ဖွဲ့စည်းနိုင်သည့်ပြင်၊ ဤဥပဒေအရ မိမိအားအပ်နှင်းထားသောနည်းဥပဒေပြုအာဏာမှ တပါး၊ အခြားအာဏာအာလုံး၊ သို့တည်းမဟုတ် တခုခုကိုလည်း ထိုပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား၊ အမိန့်ကြော်ငြာစာဖြင့် လွှဲအပ်နိုင်သည်။ ထိုပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ထိုအဖွဲ့အစည်းသည်၊ မိမိအားလွှဲအပ်ထားသည့် အာဏာအားလုံးကိုဖြစ်စေ၊ တခုခုကိုဖြစ်စေ အခြားပုဂ္ဂိုလ်အားသော်၎င်း၊ အခြားအဖွဲ့အစည်းအား သော်၎င်း ထပ်မံလွှဲအပ်နိုင်သည်။

၈။ ။ပုဒ်မ ၇ အရ အာဏာ လွှဲအပ်ခြင်းခံရသော၊ သို့တည်းမဟုတ် ထပ်မံလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်တဦးဦး၊ သို့တည်းမဟုတ် အဖွဲ့အစည်းတခုခုက၊ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေ အရပြုသည့်နည်းဥပဒေများနှင့်အညီဖြစ်စေ၊ချမှတ်သည့်အမိန့် ၊ မည်သည့်တရားမရုံး၊ တည်းမဟုတ် အခွန်ရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့်မရှိစေရ။ ထိုအမိန့်ကိုအယူခံဝင်လိုက၊ ဤဥပဒေအရပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားသောအဖွဲ့အစည်းတခုခုတွင်သာ အယူခံဝင်နိုင်သည်။

၉။ ။ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ ဆောင်ရွက်သည့်ကိစ္စတရပ်ရပ်အတွက် မည်သူ့ကိုမျှ၊ တရားရုံးတခုခုတွင် တရားစွဲဆိုခြင်းမပြုရ။

၁၀။ ။မည်သူမဆို ပုဒ်မ ၇ အရ အာဏာလွှဲအပ်ခြင်းခံရသော၊ သို့တည်းမဟုတ် ထပ်မံအာဏာလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းက မိမိအားသီးစားချထားသော လယ်ယာမြေကို၊ လုံလောက်သော အကြောင်းမရှိဘဲ၊

စိုက်ပျိုးလုပ်ကိုင်ရန်ပျက်ကွက်လျှင်သော်၎င်း၊ အခြားသူတဦးဦးအား တဆင့်သီးစားချထားလျှင်သော်၎င်း၊ ခြောက်လထိထောင်ဒဏ်ဖြစ်စေ ကျပ်သုံးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

၁၁။ ။မည်သူမဆို၊ ပုဒ်မ ၇ အရအာဏာလွှဲအပ်ခြင်းခံရသော၊ သို့တည်းမဟုတ် ထပ်မံအာဏာလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီသော်၎င်း၊ ဤဥပဒေအရပြုသည့်နည်းဥပဒေများနှင့်အညီသော်၎င်း၊ တာဝန်ဝတ်တရားများ ဆောင်ရွက်နေသည်ကို၊ မိမိအလိုအလျောက်ဟ တားလျှင်၊ ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ ကျပ်သုံးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

၁၂။ ။မည်သူမဆို၊ ဤဥပဒေနှင့်အညီ၊ သို့တည်းမဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ ထုတ်ဆင့်သော အမိန့်တခုခုကို ဆန့်ကျင်လျှင်သော်၎င်း၊ လိုက်နာရန် ပျက်ကွက်လျှင်သော်၎င်း၊ ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

၁၃။ ။(၁) အစိုးရမှာ၊ ဤဥပဒေနှင့်အညီ ထို့ပြင် ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ၊ နေ့စဉ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ လိုက်နာရန် ညွှန်ကြားချက်များ ထုတ်ဆင့်နိုင်သည့်အာဏာရှိရမည်။

(၂) အစိုးရသည်၊ ပုဒ်မခွဲ (၁) အရ၊ အပ်နှင်းထားသည့် မိမိ၏အာဏာကို မည်သည့်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အဖွဲ့အစည်းအားမဆို လွှဲအပ်နိုင်သည်။

၁၄။ ။အစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် ဤဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

၁၅။ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေးအက်ဥပဒေကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ၊ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေအရ ဆောင်ရွက်ခဲ့ပြီးဖြစ်သော ကိစ္စများမပျက်ပြယ်စေရ။ မပြီးမပြတ်ကျန်ရှိနေသေးသော မှုခင်းကိစ္စများကို သတ်မှတ်သည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည်။